ISP-MYANMAR
www.ISPMyanmar.com

ရက်စွဲ - စက်တင်ဘာ ၆ ရက်၊ ၂၀၂၂ ခုနှစ်

## ISP-Myanmar နှင့် အိန္ဒိယ ICWA တို့ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးရန် သဘောတူ

၁။ မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar) နှင့် ကမ္ဘာ့ရေးရာများဆိုင်ရာ အိန္ဒိယကောင်စီ (The Indian Council of World Affairs) တို့သည် think-tank မူဝါဒအကြံပြု သုတေသီအဖွဲ့များအကြား အပြန်အလှန်နားလည်မှုရှိရေးနှင့် ဆွေသဟာဖြစ်ရေးကိုရှေးရှု၍ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးရန် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၅ ရက်တွင် သဘောတူခဲ့ကြပါသည်။

၂။ နယူးဒေလီအခြေစိုက် ICWA သည် အိန္ဒိယနိုင်ငံတွင် သီးခြားလွတ်လပ်သည့် နိုင်ငံတကာရေးရာ think-tank အဖွဲ့တခုဖြစ်ပြီး ၁၉၄၃ ခုနှစ်ကတည်းကပင် တည်ထောင်ထားပါသည်။ ISP-Myanmar သည် ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ တည်ထောင်ခဲ့သော လွတ်လပ်သည့် သုတေသနအဖွဲ့အစည်းတခု ဖြစ်ပါသည်။

၃။ စက်တင်ဘာလဆန်းတွင် အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သော ISP-Myanmar ၏ အမှုဆောင်ဒါရိုက်တာ ဦးမင်းဇင်၏ ခရီးစဉ်အတွင်း ICWA ၏ ညွှန်ကြားရေးမှူးချုပ် Amb. Vijay Thakur Singh တို့ တွေ့ဆုံပြီး စက်တင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၌ MoU ရေးထိုးရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ ထိုနေ့မှာပင် ICWA ၏ Sapru House ခန်းမ၌ မြန်မာ့အရေးနှင့်ပတ်သက်၍ Time To “ACT EAST”: Myanmar As A Case In Point ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမှုတရပ်လည်း ပြုလုပ်ခဲ့သည်။

၄။ ခရီးစဉ်အတွင်း Association of Asia Scholars နှင့် အိန္ဒိယနိုင်ငံ ပြင်ပဆက်ဆံရေးဝန်ကြီးဌာန (Ministry of External Affairs) တို့ ပူးတွဲကျင်းပသော Connecting East: Confluence of AOIP & IPOI Visions ကွန်ဖရင့်သို့ တက်ရောက်ခဲ့ပြီး၊ ထိုကွန်ဖရင့်၏ Multi-Sectorial Connectivity: Economic and Technical ကဏ္ဍ၌ Myanmar: A Case in Point for Incorporating the Ocean and Land-based Strategy ခေါင်းစဉ်ဖြင့် စာတမ်းဖတ် ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် Multi-sectorial Connectivity: Energy ကဏ္ဍ ဆွေးနွေးပွဲ၌လည်း သဘာပတိ (chair) အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

၅။ ISP-Myanmar သည် ICWA အပါအဝင် အိန္ဒိယနိုင်ငံရှိ think-tank မူဝါဒအကြံပြု သုတေသီအဖွဲ့များနှင့်သာမက အာရှဒေသကိုအထူးပြု၍ ကမ္ဘာတဝန်းရှိ think-tank အဖွဲ့များနှင့် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ဥတုဘေးဆိုးကျိုးများ ကာကွယ်ကုစားနိုင်ရေး စသည်တို့နှင့်ပတ်သက်၍ သုတေသနအခြေပြု မူဝါဒများ အားကောင်းသန်စွမ်းရေး ကိစ္စများ၌ ပူးပေါင်းဆောင်ရွက်နေပါသည်။ ထိုနည်းတူ မြန်မာ့ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ကြိုးပမ်းနေကြသော ပြည်တွင်းအင်အားစုများနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ အခြေစိုက် နိုင်ငံခြားသံရုံးများနှင့်လည်း အမြင်ဖလှယ် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်မှုများကို ပုံမှန်လုပ်ဆောင်လျက် ရှိပါသည်။